ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်(တောင်ပိုင်း)
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

**National Community Driven Development Project (NCDDP)**



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

**Village Development Plan (VDP)**


**မိုက်တီး(တောင်)ကျေးရွာ၊ ပါလောပါကယ်ကျေးရွာအုပ်စု**

၂၀၁၇ ခုနှစ်၊ ဇွန်လ


**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) | |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | |
| ၄။ | ကျေးရွာအခြေခံအချက်အလက် (ကျေးရွာသမိုင်းကြောင်း) | |
| ၅။ | လူထုပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | |
| ၈။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | |
| ၁၁။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | |
| ၁၂။ | အစည်းအဝေးမှတ်တမ်းများ | |
| ၁၃။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | |

## ၁။ ဆီဆိုင် မြို့နယ်မြေပုံ


ဆီဆိုင်မြို့နယ်အခြေပြမြေပုံ
ဟိုပုံးမြို့နယ်
မ
ဆီဆိုင်မြို့နယ်
စကေး ၁ လက်မ း ၆မိုင်
တောင်ကြီးမြို့နယ်
ညောင်ရွှေမြို့နယ်
ဖယ်ခုံမြို့နယ်
လွိုင်ကော်ခရိုင်
ဆီဆိုင်
ရည်ညွှန်းချက်
မြို့နယ်နြား
ရပ်ကွက်ကျေးရွာအုပ်စုခြား
ကားလမ်း
ရထားလမ်း
ကျေးရွာခြင်းဆက်လမ်း
မြစ်ချောင်း/ဆည်/
အမည်ပြောင်း
ရွာ တိုး

## ၂။ ကျေးရွာတည်နေရာပါဝင်သော ကျေးရွာအုပ်စု၏အခြေပြမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| | | | |
|---|---|---|---|
| 1 | MMR1304008001 | ပါလောပါကယ် | ကန့်တန် |
| 2 | MMR1304008002 | ပါလောပါကယ် | ဘုရားဖြူ |
| 3 | MMR1304008003 | ပါလောပါကယ် | အောင်သုခ |
| 4 | MMR1304008004 | ပါလောပါကယ် | အောင်ဇေယျ |
| 5 | MMR1304008005 | ပါလောပါကယ် | လွယ်ဆံဆစ် (မ) |
| 6 | MMR1304008006 | ပါလောပါကယ် | မင်္ဂလာ |
| 7 | MMR1304008007 | ပါလောပါကယ် | နောင်အယ် (မ) |
| 8 | MMR1304008008 | ပါလောပါကယ် | နောင်အယ် (တ) |
| 9 | MMR1304008009 | ပါလောပါကယ် | နောင်က(ဝက်)ဖား |
| 10 | MMR1304008010 | ပါလောပါကယ် | ပုံးလောင်း(လော) |
| 11 | MMR1304008011 | ပါလောပါကယ် | တောင်တီး |
| 12 | MMR1304008012 | ပါလောပါကယ် | နောင်ဆံဗတ် |
| 13 | MMR1304008013 | ပါလောပါကယ် | ခိုရဲ(ပိုင်း) |
| 14 | MMR1304008014 | ပါလောပါကယ် | ဖောတိက |
| 15 | MMR1304008015 | ပါလောပါကယ် | နောင်ပို(ဘို) |
| 16 | MMR1304008016 | ပါလောပါကယ် | တံတားဦး |
| 17 | MMR1304008017 | ပါလောပါကယ် | မိုက်တီး(မ) |
| 18 | MMR1304008018 | ပါလောပါကယ် | ညောင်ပင်သာ |
| 19 | MMR1304008019 | ပါလောပါကယ် | သီရိ |
| 20 | MMR1304008020 | ပါလောပါကယ် | မိုက်တီး (တ) |
| 21 | MMR1304008021 | ပါလောပါကယ် | နောင်လုံ (တ) |
| 22 | MMR1304008022 | ပါလောပါကယ် | ရန်ကင်း |
| 23 | MMR1304008023 | ပါလောပါကယ် | နောင်အယ် (ရ) |
| 24 | MMR1304008024 | ပါလောပါကယ် | နောင်လပ်(န) |
| 25 | MMR1304008025 | ပါလောပါကယ် | ဘန်း(ဘန်)ကန် |
| 26 | MMR1304008026 | ပါလောပါကယ် | နောင်လပ် (ရ) |
| 27 | MMR1304008027 | ပါလောပါကယ် | နောင်လပ် (တ) |
| 28 | MMR1304008028 | ပါလောပါကယ် | နောင်လပ် (မ) |
| 29 | MMR1304008029 | ပါလောပါကယ် | ထီတခေါ့(ရ) |
| 30 | MMR1304008030 | ပါလောပါကယ် | စံကား |
| 31 | MMR1304008031 | ပါလောပါကယ် | ခြောက်လောင်း |
| 32 | MMR1304008032 | ပါလောပါကယ် | ဟိုဟွေး |
| 33 | MMR1304008033 | ပါလောပါကယ် | ဘုရားကျိန်း |
| 34 | MMR1304008034 | ပါလောပါကယ် | ထီတခေါ့(န)(ခေါ) |
| 35 | MMR1304008035 | ပါလောပါကယ် | ပုံဆွေပင် |
| 36 | MMR1304008036 | ပါလောပါကယ် | ဝါးခရာ |
| 37 | MMR1304008037 | ပါလောပါကယ် | ထီအုံးချန်(လန့်) |
| 38 | MMR1304008038 | ပါလောပါကယ် | ကျောင်းချယ်(န) |
| 39 | MMR1304008039 | ပါလောပါကယ် | နောင်လုံ (မ) |

| | | | |
|---|---|---|---|
| 40 | MMR1304008040 | ပါလောပါကယ် | လုံးထိန်(တိုင်) |
| 41 | MMR1304008041 | ပါလောပါကယ် | လွယ်ဆံ(ဆန်)ဆစ်(န) |
| 42 | MMR1304008042 | ပါလောပါကယ် | လွယ်ဆံ(ဆန်)ဆစ်(ရ) |
| 43 | MMR1304008043 | ပါလောပါကယ် | တိကလိုင် |
| 44 | MMR1304008044 | ပါလောပါကယ် | ပင်စုံ(မ) |
| 45 | MMR1304008045 | ပါလောပါကယ် | နမ့်ဟူး |
| 46 | MMR1304008046 | ပါလောပါကယ် | လိုက်ပေး(မ) |
| 47 | MMR1304008047 | ပါလောပါကယ် | ညို့မှူး |
| 48 | MMR1304008048 | ပါလောပါကယ် | ကုံလော |
| 49 | MMR1304008049 | ပါလောပါကယ် | ကုံကော် |
| 50 | MMR1304008050 | ပါလောပါကယ် | ဟိုနောင် |

## ၄။ ကျေးရွာအခြေခံအချက်အလက်

### မိုက်တီး (တောင်)ကျေးရွာ၏ကျေးရွာသမိုင်းအကျဉ်း

၁။ ကျေးရွာတည်နေရာ - ဆီဆိုင်မြို့နယ်၏ အနောက်မြောက်အရပ်တွင် တည်ရှိပါသည်။

၂။ ကျေးရွာတည်ရက်စွဲ - မြန်မာသက္ကရာဇ် (၁၂၈၉)ခု၊ နှစ်ပေါင်း (၉၀)နှစ်ကြာကတည်းကစတင် တည်ထောင် ခဲ့ပါသည်။

၃။ လူမျိုး/ဘာသာ - ပအိုဝ်းလူမျိုး/ဗုဒ္ဓဘာသာဝင်များဖြစ်ကျပါသည်။

ယခုအခါ အိမ်ခြေ (၂၆၀) အိမ် ရှိပြီဖြစ်သော မိုက်တီး (တောင်)ကျေးရွာသည် ယခင်ကအိမ်ခြေ (၆)အိမ်ဖြင့်သာ ကျေးရွာကို စတင်တည်ထောင်ခဲ့ပါသည်။ ရွာတည်စက(တုန်းတီ)ပင် ရှိသောကြောင့် မိုက်တီး ဟု အမည်တွင်ခဲ့သည်။ မိုက်တီး (တောင်) ကျေးရွာကို ဖြားယုဖါ၊ ဖြားဖွေဖါ၊ ဖြားကာဒိယ၊ ပျာဖါဖြစ်၊ စံကာမန် စသည့် ပုဂ္ဂိုလ်များမှ မိသားစုဝင် ဦးရေ (၂၀)ခန့်ဖြင့် စတင်တည်ထောင်ခဲ့သည်ဟု ကြားသိရပါသည်။ ထိုအချိန်က ဖြားကာဒိယ၏ သားဖြစ်သူ ဦးကျောင်ပွင် သည် အသက်(၆)နှစ်ခန့်ရှိပြီး ယခုအချိန် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်ထိ သက်ရှိထင်ရှား ရှိနေဆဲ ဖြစ်သည်။ အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ လယ်စပါး၊ ပြောင်း၊ ပဲစင်းငုံ၊ နမ်း စသည်တို့ကို အဓိကထား စိုက်ပျိုးကြသည်။ ကျွဲ၊နွား၊မြင်း၊များကိုလည်း မွေးမြူကြသည်။

ပညာရေးတွင် အလယ်တန်းကျောင်းခွဲ ရှိပါသည်။ ကျန်းမာရေးအတွက် ရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိသည်။ ကျေးရွာ၏ ပတ်လည်တွင် လည်ကွင်း/တောင်ယာများ သစ်တောများ ပတ်လည်ဝိုင်း နေသည်ကို တွေ့ရပါသည်။ ရွာ၏ အရှေ့ဖက်တွင် ထီတခေါ့ကျေးရွာ မြောက်ဖက်တွင် မိုက်တီး (မြောက်) အနောက်ဖက်တွင် နောင်လုံ(တောင်)ကျေးရွာ များသို့ အနီးဆုံးသွားနိုင်သည်။

## ၅။ လူမှုဆန်းစစ်ခြင်း/ကျေးလက်ပူးပေါင်းကွင်းဆင်းလေ့လာခြင်း (PRA/PSA) လုပ်ငန်းစဉ်

### PRA/PSA အကျဉ်းချုပ်အခြေပြဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၃.၅.၂၀၁၄ | ကျေးရွာခေါင်ဆောင်အဖွဲ့ဝင် များ | ၁၇၉ | ၁၆၀ | ၃၃၉ | အသက်မွေးဝမ်းကြောင်းများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအရင်းအမြစ် များ။ |
| ၂။ | ဥစ္စာဓနကြွယ်ဝမှုပုံစံ | ၃.၅.၂၀၁၄ | အမျိုးသားများနှင့် အမျိုးသမီးများအဖွဲ့ | ၁၇၉ | ၁၆၀ | ၃၃၉ | ကျေးရွာအတွင်းရှိလူနေမှုအဆင့်အတန်းများ အကြောင်း |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃.၅.၂၀၁၄ | အမျိုးသားများနှင့် အမျိုးသမီးများအဖွဲ့ | ၁၇၉ | ၁၆၀ | ၃၃၉ | ကျေးရွာအတွင်းရှိ အရင်းအမြစ်များကိုအမျိုးသား၊အမျိုးသမီးများ၏သုံးစွဲပုံများကို ဆွေးနွေးသည်။ |
| ၄။ | ရာသီခွင်ပြပြက္ခဒိန် | ၃.၅.၂၀၁၄ | အမျိုးသားများနှင့် အမျိုးသမီးများအဖွဲ့ | ၁၇၉ | ၁၆၀ | ၃၃၉ | အသက်မွေးဝမ်းကြောင်းဝင်ငွေရရှိမှု၊ရေရရှိမှုရွာသားများအားလပ်ချိန်များရာသီဥတုစသည့်အကြောင်းအရာများကိုအဓိကဆွေးနွေးသည်။ |
| ၅။ | ပင့်ကူအိမ်ပုံစံ | ၃.၅.၂၀၁၄ | အမျိုးသား တစ်ဖွဲ့ နှင့် အမျိုးသမီး တစ်ဖွဲ့ | ၁၇၉ | ၁၆၀ | ၃၃၉ | အမျိုးသမီးများအားအဖွဲ့အစည်းများတွင်ပါဝင်မှု၊လူမှုရေးတွင်ပါဝင်နိုင်မှု၊ဦးဆောင်နိုင်မှုစွမ်းရည်မျိုးကို အမျိုးသား၊အမျိုးသမီးခွဲ၍ဆွေးနွေးသည်။ |
| ၆။ | ဗင်းပုံစံ | ၃.၅.၂၀၁၄ | အမျိုးသားများနှင့် အမျိုးသမီးများအဖွဲ့ | ၁၇၉ | ၁၆၀ | ၃၃၉ | ရွာတွင်းအဖွဲ့အစည်းဖွဲ့စည်းနှင်ကျေးရွာပြင်ပရှိအစိုးရအဖွဲ့ အစည်း၊N.G.O အဖွဲ့နှင့်ချိတ်ဆက်ပုံအဆင့်ဆင့်ဆွေးနွေးသည်။ |
| ၇။ | အမျိုးသား/အမျိုးသမီးများ၏အခက်အခဲ/ပြဿနာများ | ၆.၅.၂၀၁၄ | အမျိုးသား တစ်ဖွဲ့ နှင့် အမျိုးသမီး တစ်ဖွဲ့ | ၁၉၉ | ၆၃ | ၂၆၂ | ရွာသူ/ရွာသားများ၏စီးပွားရေး/လူမှုရေး/ပညာရေးစသည်တို့နှင့်ကြုံတွေ့ရသည့်အခက်အခဲ ပြဿနာများ |
| ၈။ | အမျိုးသား/အမျိုးသမီးများ၏မျှော်မှန်းချက်များ | ၆.၅.၂၀၁၄ | အမျိုးသား တစ်ဖွဲ့ နှင့် အမျိုးသမီး တစ်ဖွဲ့ | ၁၉၉ | ၆၃ | ၂၆၂ | စီမံကိန်း(၄)နှစ်ကာလပြီးပါကနောင်(၅) နှစ်တွင်ရွာသူ/သားများကဝင်းတို့ ကျေးရွာအားဖွံ့ဖြိုးစေချင်သောမျှော်မှန်းချက်များကို ဆွေးနွေးသည် |
| ၉။ | အမျိုးသား/အမျိုးသမီးအဆိုပြုသောလုပ်ငန်းစဉ်များ | ၆.၅.၂၀၁၄ | အမျိုးသား တစ်ဖွဲ့ နှင့် အမျိုးသမီး တစ်ဖွဲ့ | ၁၉၉ | ၆၃ | ၂၆၂ | ဖွံ့ဖြိုးတိုးတက်စေချင်သောလုပ်ငန်းများအားကျား/မ ခွဲ၍ဆွေးနွေးစေသည် |
| ၁၀ | ဦးစားပေးလုပ်ငန်းများကိုမဲပေးရွေးချယ်ခြင်း | ၆.၅.၂၀၁၄ | အစည်းအဝေးတက်ရောက်သူ အားလုံး | ၁၉၉ | ၆၃ | ၂၆၂ | ကျား/မတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းကိုတစ်စုတစ်စည်းတည်းစုခြင်းနှင့်လုပ်ငန်းခွဲများကိုမဲပေးရွေးချယ် |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ**





လူမှုအရင်းအမြစ်ပြမြေပုံ ဆန်းစစ်ချက်နှင့်သုံးသပ်ချက်

လူမှုရေး အရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များ အတိုင်း တွေ့ရှိရပါသည်။

- ကျေးရွာ၏ ရိုးရာဓလေ့အရ နတ်စင်တည်ထားကိုးကွယ်သည်ကိုလဲမြင်တွေ့ရပါသည်။
- ဘုန်းကြီးကျောင်းနှင့် အလယ်တန်းကျောင်းခွဲရှိပါသည်။ ထို့ပြင် ကျန်းမာရေး ဌာနခွဲလည်း ရှိသည်။
- ကျေးရွာ၏ ပတ်လည်တွင် လည်ကွင်း/တောင်ယာများ သစ်တောများ ပတ်လည်ဝိုင်းနေသည်ကို တွေ့ရပါသည်။
- မိုက်တီး နှင့် ဆိုက်ခေါင်ကျေးရွာကိုကျောက်ချောလမ်းဖြင့် ဆက်သွယ်ထားသည်။
- ကျေးရွာပတ်လည်တွင် ရေအိုင် ၊ အင်း၊ ရေတွင်း၊ ရေကန်များရှိခြင်း၊
- ကျေးရွာသည် ဆိုက်ခေါင်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းခြင်းကြောင့် ကျေးရွာတွင်း ဖွံ့ဖြိုးမှု အနည်းငယ် အားကောင်းသည်။
- အများအားဖြင့် ရှမ်းလူမျိုးများသာနေထိုင်ပြီး ပအိုဝ်းလူမျိုး တစ်အိမ်ရှိသာရှိသည်။
- ရွာသူရွာသားများသည် စိုက်ပျိုးရေးကိုသာအဓိကထား အသက်မွေးဝမ်းကြောင်းမှု ပြုကြပါသည်။
- ရွာ၏ဖွံ့ဖြိုးရေးကို အားလုံးပူးပေါင်း ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ အများစုမှာတောင်ယာစိုက်ခြင်းနှင့် စိုက်ပျိုးရေးကိုသာအားထားရပြီး နွမ်းပါးသူများဖြစ်၍ကျေးရွာတွင် စီးပွားရေး အနည်းငယ် နောက်ကျနေသည် ကိုတွေ့ရပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**။ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်**




**ဥစ္စာဓနကြွယ်ဝမှုဆန်းစစ်ချက်နှင့်သုံးသပ်ချက်**

ဥစ္စာဓန ကြွယ်ဝမှုဇယားကို ကျေးရွာရှိ လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေး ဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များ အတိုင်း တွေ့ရှိရပါသည်။

- ကျေးရွာလူထု၏ ဥစ္စာဓနပိုင်ဆိုင်မှုကိုသုံးသပ်ရာတွင် ချမ်းသာသောကျေးရွာလူထုသည် ဆန်စက်၊ တိုက်အိမ် ၊ ကား ၊ဆိုင်ကယ် ၊ခြံမြေ ၁၀ဧက ဂန်းကျင်၊လယ် ၅ဧက ဂန်းကျင် တို့နှင့် ထွန်စက်စသည် တို့ကိုပိုင်ဆိုင်ကြပြီး ကျေးရွာလူထု၏ ၂၀% ရှိကြပါသည်။
- အလယ်အလတ် လူတန်းစားတို့မှာ ထော်လာဂျီ ၊ ယိုးဒယားလက်တွန်းထွန်စက် ၊ လယ် ၃ဧကဂန်းကျင်၊ ခြံ ၁ဧကဂန်းကျင် ၊ ဆိုင်ကယ် ၊ကျွဲ၊နွားအနည်းငယ်နှင့် နွားလှည်းတို့ကိုပိုင်ဆိုင်ကြပြီးရွာလူထု၏ ၅၀% ရှိပါသည်။
- အိမ်ရှိပြီး စိုက်ပျိုးမြေယာမဲ့သူတို့ကို နွမ်းပါးသူများအဖြစ် လူဦးရေ ၂၂%ခန့် ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။
- စုစုပေါင်းအိမ်ထောင်စု(၂၆၀)စုတွင်နွမ်းပါးအုပ်စုက(၅၈)စုရှိနေသေးသည်ဖြစ်ရာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်နွမ်းပါးသူမျ ားတင်ပြသောလိုအပ်ချက်များကိုအခြေခံထားစဉ်းစားပေးခြင်းဖြင့်အစီအစဉ်ရေးဆွဲနိုင်ပြီးအလုပ်အကိုင်များပေါ်ပေါက်လာနိုင် ပါသည်။လုပ်အားခငွေရရှိလာခြင်းဖြင့်၎င်းတို့၏စားဝတ်နေရေး အဆင့်ပြေလာမည်ဖြစ်သည်။
- စီမံကိန်းမှအလုပ်အကိုင်များဖန်တီးပေးခြင်း/စိုက်ပျိုးမြေနှင့်အရင်းအနှီးများငွေစု/ငွေချေးများဖန်တီးပေးခြင်းအသက်မွေးဝမ်းေြ ကာင်းသင်တန်းများလုပ်ဆောင်ပေးခြင်းစသည်တို့ဖြင့်နွမ်းပါးသော အိမ်ထောင်စုများကို ဦးစားပေး လုပ်ဆောင်ပေးလျှင် ပိုအဆင်ပြေစေမည် ဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပုံစံပြဇယား)**








ပိုင်ဆိုင်မှုသုံးသပ်ခြင်းနှင့်ဆန်းစစ်ချက်

ပိုင်ဆိုင်မှု နှင့် အရင်းမြစ် ထိန်းချုပ်မှုဇယား ဆွေးနွေး သုံးသပ်ခြင်းကို ကျေးရွာရှိ လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေး ဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များ အတိုင်း တွေ့ရှိရပါသည်။

- အမျိုးသမီးများကို အမျိုးသားများက လက်တွဲခေါ်ပြီး အမျိုးသမီးများကလဲမိမိကိုယ်ကိုယုံကြည်မှုရှိဖို့ သုံးစွဲမှုမှာ များပြားသော်လည်း ထိန်းချုပ်သည့်နေရာတွင် အမျိုးသမီးများမှ အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အားနည်းသည်ကို တွေ့ရသည်။ အမျိုးသားများက အမျိုးသမီးများကို ဆွဲခေါ်ရန်လိုအပ်ပါသည်။
- အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယားကိုကြည့်ခြင်းအားဖြင့်ရွာပိုင်သစ်တောနှင့်ရွာလမ်းမများကအမျိုးသားများသုံးစွဲကြသည်။
- နတ်စင် ၊ရေထွက် နှင့်ဆေးပေးခန်းတို့ကိုအမျိုးသမီးများကအသုံးပြုတာများသည်။
- ဘုန်းကြီးကျောင်း၊ ဘုရားစေတီ၊ လယ်ယာမြေ၊ မူကြိုကျောင်း နှင့် စာသင်ကျောင်းစသည်တို့ကိုအမျိုးသား/အမျိုးသမီးများ အတူတကွ သုံးစွဲကြသည်ကိုတွေ့ရသည်။
- ဘုန်းကြီးကျောင်း၊ရွာပိုင်သစ်တော၊ရေထွက်၊ဆေးပေးခန်း၊နတ်စင်၊စာသင်ကျောင်းစသည်တို့ကိုအမျိုးသားများကထိန်းချုပ်ပြီး ဘုရားစေတီ၊မူကြိုကျောင်းများကိုအမျိုးသမီးများကထိန်းချုပ်ထားသည်။
- လယ်ယာမြေ ၊ ရွာလမ်းမတို့ကို အမျိုးသား/အမျိုးသမီးများကအတူတူထိန်းချုပ် ကြသည်ကို တွေ့ရှိရပါသည်။
- အမျိုးသမီးများကိုအခွင့်အရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကျား/မရေးရာကဏ္ဍကို ထဲထဲဝင်ဝင် သိရှိရန် အထူး လိုအပ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**ရာသီခွင်ပြပြက္ခဒိန်**



### ရာသီခွင်ပြပြက္ခဒိန်ဆန်းစစ်ချက်


ရာသီခွင်ပြ ဇယားကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်မှုများ ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- တပေါင်းလ၊တန်ခူးလတို့တွင် စိုက်ပျိုးယာခင်းများ ရှင်းလင်းထွန်ယက်ခြင်း၊ ကဆုန်လတွင် ပျိုးချ ၊ ပဲစင်းငုံစိုက်၊နယုန် ပြောင်းစိုက်၊ပေါင်းရှင်း၊ စပါးပျိုး၊ ဂါဆို လယ်ထွန် ကောက်စိုက်၊ပြောင်းပင် ပေါင်းရှင်း၊ ဂါခေါင် မြေပဲနှုတ်၊ စပါးပေါင်းရှင်း၊ တော်သလင်း နှမ်းစိုက်၊ ပဲပုပ် ရိတ်သိမ်းခြင်း၊
- သီတင်းကျွတ်ရာသီတွင် ပြောင်းချိုး ၊ ကြက်သွန်စိုက်ရန် မြေနေရာပြင်ဆင်ခြင်း။
- တန်ဆောင်မုန်းလတွင် စပါးရိတ် ၊ကြက်သွန်စိုက်သည်။ ပြာသိုလတွင် ကြက်သွန်ရေလောင်း ၊နှမ်းရိတ်၊ မြေပဲနှုတ်၊
- တပို့တွဲလတွင် ကြက်သွန်နှုတ်ပြီး ပဲစင်းငုံသိမ်းသည်။
- တန်ခူး၊ကဆုန်လတွင် စိုက်ပျိုးရေး နည်းပါးသည်။ ရာသီဥတုအနေဖြင့် ၎င်းလများတွင် ပူပြင်းပါသည်။ နယုန်၊ဂါဆို၊ဂါခေါင်၊ တော်သလင်းထိ မိုးရွာသွန်းပါသည်။သီတင်းကျွတ်မှ ပြာသိုလထိ နှင်းကျပြီး အေးသောကာလများဖြစ်သည်။
- ရေရရှိမှု အနေဖြင့် တန်ခူး၊ကဆုန်လများတွင် ရေခန်းခြောက်သည်။
- အားနည်းချက် အနေဖြင့် တန်ခူးလနှင့် သီတင်းကျွတ်လများသည် အားလပ်ချိန် နှင့် ပွဲတော် ရာသီဖြစ်သည်။
- ဝင်ငွေ အနေဖြင့် တပေါင်း ၊တန်ခူး၊ တော်သလင်း၊ သီတင်းကျွတ်လများတွင်သာ ဝင်ငွေရှိပြီး ကျန်လများတွင် ဝင်ငွေမရှိကြပါ။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ပင့်ကူအိမ်သုံးသပ်ခြင်း





**ပင်ကူအိမ်သုံးသပ်ခြင်းနှင့် ဆွေးနွေးဆန်းစစ်ခြင်း**


ပင့်ကူအိမ်သုံးသပ်ခြင်း၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်းကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျား/ မ ခွဲဆွေးနွေးခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိရပါသည်။

- အိမ်တွင်းမှု ၊ နှင့် ကျန်းမာရေး အပိုင်းတွင် အမျိုးသမီးအများစုရှိကြသည်ပြီး ဦးဆောင်သည်ကိုတွေ့ရသည်။
- ပညာရေး နှင့် အလုပ်အကိုင် အပိုင်းတွင် ကျား/မ တန်းတူရှိနေပြီး မိသားစု ငွေ ထိန်းသိမ်းမှုဘက်တွင် အမျိုးသမီးများက ပိုကြသည်ကို တွေ့ရှိရသည်။
- အမျိုးသားများသည် အမျိုးသမီးများထက် ဆုံးဖြတ်ပိုင်ခွင့် ၊ ဘာသာရေး လုပ်ငန်းများတွင် အမျိုးသားများက အမျိုးသမီးများထက် အနည်းငယ်အားသာသည်။ လူမှုရေးပါဝင်မှုများတွင်လဲ အားသာသည်ကိုတွေ့ရသည်။
- ပင့်ကူအိမ်သုံးသပ်ခြင်းကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အချို့နေရာများတွင် ဦးဆောင်နေသည်ကို တွေ့ရှိရသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**ဗင်းပုံစံ**




## ဗင်းပုံစံ ဆွေးနွေးဆန်းစစ်ချက်

ကျေးရွာအတွင်းနှင့် ကျေးရွာပြင်ပ အဖွဲ့အစည်းများ ချိတ်ဆက်မှု့ကို စက်ဝိုင်း အရွယ်အစားအလိုက် ရွာအပေါ်အကျိုးတက်ရောက်မှု စသည်တို့ကိုလေ့လာနိုင်ပါသည်။

- ကျေးရွာခေါင်းဆောင်သည် ကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းတို့ကို အဓိကချိတ်ဆက်ပေးသည်။ ရွာကော်မတီများနှင့် ကျေးရွာလူငယ် အဖွဲ့နှင့်လဲ အမြဲတမ်း ချိတ်ဆက်မှုရှိသည်။
- ကျောင်းဂေါပကနှင့် ကျောင်းကော်မတီအဖွဲ့တို့မှာ ရန်ဖန်ရံခါ ချိတ်ဆက်မှုရှိပြီး မေတ္တာဖောင်ဒေးရှင်းမှာ ချိတ်ဆက်မှုအားနည်းသည်။
- ကျေးရွာပြင်ပတွင် မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့သည် ချိတ်ဆက်မှုအားအကောင်းဆုံး ဖြစ်သည်။
- ဒုတိယချိတ်ဆက်မှု အကောင်းဆုံးအနေဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သည်။
- ကြက်ခြေနီအသင်းနှင့် ကျန်းမာရေးဌာနတို့လဲ ကျေးရွာပြင်ပအနေဖြင့် အနည်းငယ် ချိတ်ဆက်မှုရှိသည်။
- ကျောင်းကော်မတီနှင့် ပညာရေးဌာနတို့မှာ အနည်းငယ်ချိတ်ဆက်မှုရှိသည်။
- အုပ်ချုပ်ရေးအဖွဲ့ / နာယကအဖွဲ့ / ကျောင်းဂေါပကအဖွဲ့/ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်း ဩဇာအာဏာကြီးမားသည်။
- ကျေးရွာတွင်းအဖွဲ့စည်းများတွင်သာမက အခြားပြင်ပ အဖွဲ့စည်းများနှင့်လဲ ချိတ်ဆက်မှုအားကောင်းသည်ကို တွေ့ရှိရသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**အခက်အခဲများ/စိန်ခေါ်မှုများ**

**အမျိုးသမီးများမှ တင်ပြသော အခက်ခဲများ**

- လမ်းပန်းဆက်သွယ်ရေး ကျေးရွာတွင်း ခက်ခဲ (သွာလာရအဆင်မပြေဖြစ်)
- သောက်သုံးရေ ခက်ခဲခြင်း ၊
- လျှက်စစ်မီး အခက်ခဲဖြစ်ခြင်း ၊
- ကျန်းမာရေးဝန်ထမ်း နည်းပါးခြင်းကြောင့် ခက်ခဲဖြစ်၊
- ကျေးရွာတွင်း မူကြိုကျောင်း အခက်ခဲဖြစ် ၊
- နာရေးသာရေးအတွက် အရေးပေါ်ကားမရှိခြင်းကြောင့် အခက်ခဲဖြစ် ၊
- သွားလာရာတွင် တံတားမကောင်းသဖြင့် အခက်ခဲရှိ ၊
- ကျေးရွာတွင်း ပညာတတ်နည်းပါးခြင်း၊
- စီးပွားရေး အဆင်မပြေသောကြောင့် စာသင်ကျောင်း ပြုပြင်ရာတွင် အခက်ခဲဖြစ် ၊
- ကျေးရွာတွင်း အစည်းဝေးခန်းမ မရှိခြင်းကြောင့် အခက်ခဲဖြစ်ခြင်း ၊
- ကျောင်းသားများအား ကောင်းစွာ မထောက်ပံ့ပေးနိုင်ခြင်း ၊
- စိုက်ပျိုးရေး လုပ်ကိုင်ရာတွင် အဆင်မပြေဖြစ်ခြင်း ၊
- အလုပ်ကိုင် အခွင့်လမ်းများ ရှားပါးခြင်း ၊

**အမျိုးသားများမှ တင်ပြသောအခက်ခဲများ**

- ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများ မကောင်းခြင်းကြောင့် အခက်ခဲဖြစ်၊
- ကျေးရွာတွင်းလမ်းမကောင်းသဖြင့် အခက်ခဲဖြစ်ခြင်း၊
- အစည်းဝေးခန်းမ မရှိခြင်းကြောင့် အခက်ခဲဖြစ်ခြင်း ၊
- စိုက်ပျိုးရေးအတွက် ရေခက်ခဲခြင်းနှင့် သောက်သုံးရေ မလုံလောက်ခြင်း ၊
- မိုက်တီးနှင့် ဆိုက်ခေါင်သွားသည့်လမ်းသိပ်မကောင်းသဖြင့် ခက်ခဲခြင်း ၊
- ကျေးရွာတွင်း တံတားမကောင်းခြင်း ၊
- ကျေးရွာတွင်း ဆေးခန်းတွင် အချိန်ပြည့်ထိုင်ပေးနိုင်သော ဆရာမ မရှိသဖြင့် ခက်ခဲ ၊
- ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ယာ ခက်ခဲခြင်း၊
- ကျေးရွာတွင်း စာကြည့်တိုက်မရှိခြင်း ၊
- စိုက်ပျိုးရေးအတွက် ထောက်ပံ့စာရိတ်ခက်ခဲ ၊
- စိုက်ပျိုးရေးအတွက် နည်းပညာနည်းပါးခြင်း ၊
- ကလေးများအား ကျောင်းဆက်မထားနိုင်ခြင်း
- ပညာရေးအတွက် ထောက်ပံ့မှု မရှိခြင်း ၊
- မူကြိုကျောင်းအတွက် သင်ထောက်ကူ ပစ္စည်းများ ခက်ခဲဖြစ် ၊
- ကျေးရွာတွင် အားကစားကွင်းများ မရှိခြင်း ၊
- ကိုယ်ဝန်ဆောင် မိခင်များအတွက် ထောက်ပံ့မှုများ မရှိခြင်း ၊
- အသက်မွေးဝမ်းကျောင်း ပညာနည်းပါးခြင်း ၊
- အမျိုးသမီးများ အိမ်တွင်းမှု အတတ်ပညာ ခက်ခဲခြင်း ၊

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### မျော်မှန်းချက်များ

မိုက်တီး(တောင်) ကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများ အုပ်စုခွဲပြီး နောင်လေးနှစ်အတွင်း မျော်မှန်းချက်များကို ကျေးရွာလူထုများနှင့်အတူ ဆွေးနွေးဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိရပါသည်။

### အမျိုးသားများမှတင်ပြသောမျော်မှန်းချက်များ

- မိုးတွင် ဗွတ်ပြီသောကြောင့် ရွာတွင်းလမ်းများ သွားလာရ ခက်ခဲသောကြောင့် လမ်းပြင်ပေးရန်မျှော်မှန်း ၊
- ကျေးရွာတွင် (၂၄)နာရီ မီးလင်းရန် မျှော်မှန်းပါသည် ၊
- အမျိုးသမီးများအား အိမ်တွင်းမှုပညာများ ပို့ချပေးပါရန် မျှော်မှန်းပါသည် ၊
- အစည်းဝေးခန်းမ မရှိခြင်းကြောင့် အခက်ခဲဖြစ်ခြင်း ၊
- စိုက်ပျိုးရေးအတွက် ရေခက်ခဲခြင်းနှင့် သောက်သုံးရေ မလုံလောက်ခြင်းကြောင့် ရရှိရန် ၊
- မိုက်တီးနှင့် ဆိုက်ခေါင်သွားသည့်လမ်းသိပ်မကောင်းသဖြင့် ပြုပြင်ပေးစေချင် ၊
- ကျေးရွာတွင်း တံတားပြုပြင်ပေးပါရန် မျှော်မှန်း ၊
- ကျေးရွာတွင်း ဆေးခန်းတွင် အချိန်ပြည့်ထိုင်ပေးနိုင်သော ဆရာမ ရရှိရန် ၊
- ဆရာ၊ ဆရာမ ဂန်ထမ်းအိမ်ယာ ရရှိရန် မျှော်မှန်း ၊
- ကျေးရွာတွင်း စာကြည့်တိုက် ရရှိရန် မျှော်မှန်း ၊
- စိုက်ပျိုးရေးအတွက် ထောက်ပံ့စာရိတ် ရရှိရန် မျှော်မှန်း ၊
- စိုက်ပျိုးရေးအတွက် နည်းပညာနည်းပါးခြင်းကြောင့် ရရှိရန် မျှော်မှန်း ၊
- ပညာရေးအတွက် ထောက်ပံ့မှု ရရှိရန် မျှော်မှန်း ၊
- မူကြိုကျောင်းအတွက် သင်ထောက်ကူ ပစ္စည်းများ ရရှိရန် မျှော်မှန်း ၊
- ကျေးရွာတွင် အားကစားကွင်းများ မရှိခြင်းကြောင့် ရရှိရန် မျှော်မှန်း ၊
- ကိုယ်ဂန်ဆောင် မိခင်များအတွက် ထောက်ပံ့မှုများ ရရှိရန် မျှော်မှန်း ၊

### အမျိုးသမီးများမှ တင်ပြသောမျှော်မှန်းချက်များ

- လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာ ရရှိရန်မျှော်မှန်း ၊
- အိမ်အရောက် သောက်သုံးရေ ရရှိရန် ၊
- စိုက်ပျိုးရေ အလုံအလောက်ရရှိရန်၊
- လျှပ်စစ်မီး(၂၄)နာရီ အိမ်တိုင်းစေ့ အပြည့်အဂရရှိရန်၊
- ကျန်းမာရေး ဂန်ထမ်းများ အချိန်ပြည့် ရရှိရန်၊
- သီးသန့်မူကြိုကျောင်း နှင့် ကလေးကစားကွင်း ရရှိရန်၊
- ရွာတွင်း အစည်းအဂေးခန်းမ ရရှိရန်၊
- ကျေးရွာတွင်း စာကြည့်တိုက်ရရှိရန်၊
- နာရေး သာရေး အရေးပေါ်ကားရရှိရန်၊
- သွားလာရေး လွယ်ကူစေရန် တံတား ပြုပြင်ပေးစေလို၊

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ/ စီမံကိန်းလုပ်ငန်းခွဲများစာရင်း**

မိုက်တီး(တောင်) ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများ အုပ်စုဖွဲ့၍ လုပ်ဆောင်ခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိခဲ့ရပါသည်။

**အမျိုးသားများမှ အဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ကျေးရွာ အစည်းအဝေးခန်းမ ၊
- ကျေးရွာတွင်း လမ်း ၊
- ကျေးရွာတွင်း သောက်သုံးရေ ရရှိရန်
- ကျေးရွာ စာကြည့်တိုက်
- ကျေးရွာတွင်း မူကြိုကျောင်း ၊
- တံတား နောင်ဘိုသွားသည့် တံတား ၊
- လျှပ်စစ်မီး ၊
- စိုက်ပျိုးရေး အရင်းအနှီး ၊
- ကျန်းမာရေးဝန်ထမ်း ၊
- ဝန်ထမ်းအိမ်ရာ
- ကျေးရွာတွင်း အားကစားကွင်း
- ကိုယ်ဝန်ဆောင် မိခင်များအတွက် ထောက်ပံ့မှုများ
- အမျိုးသမီးများအား အိမ်တွင်းမှုပညာများ ပို့ချပေးပါရန်

**အမျိုးသမီးများမှ အဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ကျေးရွာ အစည်းအဝေးခန်းမ ၊
- ကျေးရွာတွင်း လမ်း ၊
- ကျေးရွာတွင်း သောက်သုံးရေ ရရှိရန်
- ကျေးရွာ စာကြည့်တိုက်
- ကျေးရွာတွင်း မူကြိုကျောင်း ၊
- တံတား နောင်ဘိုသွားသည့် တံတား ၊
- လျှပ်စစ်မီး ၊
- စိုက်ပျိုးရေး အရင်းအနှီး ၊
- ကျန်းမာရေးဝန်ထမ်း ၊
- သာရေး နာရေးကား


**ပူးတွဲအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**


မိုက်တီး(တောင်)ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကျေးရွာလူထုများ ကျား/မ အုပ်စုခွဲ ပြုလုပ်ခဲ့ရာ ပူးတွဲအဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောက်ပါအတိုင်းထွက်ပေါ်လာခဲ့ပါသည်။

- ကျေးရွာ အစည်းအဝေးခန်းမ (က+မ)
- ကျေးရွာတွင်း လမ်း (က+မ)
- ကျေးရွာတွင်း သောက်သုံးရေ ရရှိရန် (က+မ)
- ကျေးရွာ စာကြည့်တိုက် (က+မ)
- ကျေးရွာတွင်း မူကြိုကျောင်း၊ (က+မ)
- တံတား နောင်ဘိုသွားသည့် တံတား၊ (က+မ)
- လျှပ်စစ်မီး ၊ (က+မ)
- စိုက်ပျိုးရေး အရင်းအနှီး ၊ (က+မ)
- ကျန်းမာရေးဝန်ထမ်း၊ (က+မ)
- သာရေး နာရေးကား (မ)
- ဝန်ထမ်းအိမ်ရာ (က)
- ကျေးရွာတွင်း အားကစားကွင်း (က)
- ကိုယ်ဝန်ဆောင် မိခင်များအတွက် ထောက်ပံ့မှုများ (က)
- အမျိုးသမီးများအား အိမ်တွင်းမှုပညာများ ပို့ချပေးပါရန် (က)

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

## ကော်မတီဝင်များရွေးချယ်ခြင်း



မှတ်တမ်းဓါတ်ပုံများ







## ၈။ ကျေးရွာအချက်အလက် (ပုံစံ စ.၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် ဦးသန်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း / မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု ပါလောပါကယ် | ကျေးရွာ မိုက်တီး(တောင်) |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပအိုဝ်း | ၂၆၀ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၂၆၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၄ | ဗုဒ္ဓဘာသာ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၆ | ဗုဒ္ဓဘာသာ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၁၀၆၉ | ၅၂၄ | ၅၄၅ |
| လူမျိုးစု (၁)-- ပအိုဝ်း | ၅၂၄ | ၅၄၅ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၁၇ | ၄၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| လတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| ထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| လယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| ခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| ချက် | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လုပ်ငန်းဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၄ /မသိပါ KFW

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 5 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ 30 မိနစ်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ 30 မိနစ်

ခြောက်သွေ့ရာသီတွင်ကြာချိန် 30 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 35 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---- [illegible] ----

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) K.F.W

(၂) UNOPS

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ခွန်အောင်ရှေ

လက်မှတ် [signature] နေ့စွဲ 4.6.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 5.6.2017

## ၉။ ကျေးရွာစီမံကိန်းစက်ဝန်း (ပုံစံ -စ.၂)

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၄ . [illegible] . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရှမ်း (တောင်) | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု ပါလောပါကယ် | ကျေးရွာ မိုက်တီး (တောင်) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၄.၆.၂၀၁၇ | ၄.၆.၂၀၁၇ | [illegible] | ၁၆၀ | ၂၆၀ | ၃၃၆ | ပအိုဝ်. |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၆.၂၀၁၇ | ၅.၆.၂၀၁၇ | [illegible] | ၆၃ | ၂၆၀ | [illegible] | ပအိုဝ်. |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဖယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ စ.၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မြင့်လှိုင်

နေ့စွဲ ၄.၆.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ရှမ်း/တောင် | မြို့နယ် - ဆီဆိုင် | ကျေးရွာအုပ်စု ပါလောပါကယ် | ကျေးရွာ မိုက်တီး (တောင်)

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာလယ်လမ်း | ၁ | သောက်သုံးရေ အခက်အခဲ |
| ၂ | အစည်းဝေးခန်းမ | ၂ | ရွာတွင်းလမ်း သွားလာရေး အခက်အခဲ |
| ၃ | တံတား | ၃ | ရွာတွင်းစည်းဝေး ခန်းမ အခက်အခဲ |
| ၄ | ဆိုက်ပျိုးရေ - သောက်သုံးရေ | ၄ | စာကြည့်တိုက် အဆောက်အဦး အခက်အခဲ |
| ၅ | စာကြည့်တိုက် | ၅ | သွားလာရေး တံတား အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | မိုးတွင်းပေါက်ပြဲ၍ ရွာတွင်းသွားလာလမ်း [illegible] | ၁ | [illegible] သောက်သုံးရေ ရရှိရန် |
| ၂ | အစည်းဝေးခန်းမ အဆောက်အအုံ ရရှိရန် | ၂ | ရွာတွင်းလမ်း သွားလာရေး အဆင်ပြေစေရန် |
| ၃ | ရွာတွင်း နှင့် ရွာပတ်ဝန်းကျင် တံတားရရှိရန် | ၃ | ရွာတွင်းစည်းဝေး ခန်းမ ရရှိရန် |
| ၄ | ရွာစာကြည့်တိုက် ဆောက်လုပ်ပေးရန် | ၄ | စာကြည့်တိုက် အဆောက်အဦး ရရှိရန် |
| ၅ | သောက်သုံးရေအတွက် [illegible] (သို့) ပိုက်လိုင်း ရရှိရန် | ၅ | သွားလာရေး လမ်းတံတား အဆင်ပြေစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် | အတိုင်းအတာ |
|---|---|---|---|---|---|
| ၁ | ကျေးရွာခန်းမ+[illegible] | အမျိုးသား+အမျိုးသမီး | ၃၃၀ သိန်း | ၁၀၀% | ၄၅' × ၂၄' × ၁၂' |
| ၂ | ရွာတွင်းလမ်း (ကျောက်ခင်းလမ်း) | " | ၃၆၀ သိန်း | ၁၀၀% | ၀.၈ မိုင် |
| ၃ | ကွန်ကရစ် တံတား (မိုက်တီး-မောင်းသို့) | " | ၅၅ သိန်း | ၁၀၀% | ၁၅' × ၁၂' × ၁၀' |
| ၄ | သောက်သုံးရေ (ရေပိုက်သွယ်တန်း) | " | ၇၅၀ သိန်း | ၁၀၀% | 6"ø PVC 1 mile + 20000 gal |
| ၅ | စာကြည့်တိုက် + [illegible] | " | ၉၆ သိန်း | ၁၀၀% | ၄၀' × ၃၀' × ၁၂' |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေ | အမျိုးသား +အမျိုးသမီး | အမျိုးသမီးများ၏ သဘော ဆန္ဒအရ ကျန်းမာရေးဝန်ထမ်း ရရှိလိုမှုကို ပထမဦးစားပေးအဖြစ် ဆိုမှု(ပြ)သွားပါသည်။ |
| ၂ | လျှပ်စစ်မီး | " | |
| ၃ | ကျန်းမာရေး ဝန်ထမ်း | " | |
| ၄ | စိုက်ပျိုးရေး ပံ့ပိုး မှု | " | |
| ၅ | မူကြိုကျောင်း သင်ထောက်ကူ ပစ္စည်း | " | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး ဝိုး ဝင်း ---------- လက်မှတ် [signature] ---------- နေ့စွဲ ၄.၆.၂၀၁၇

## ၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ စ.၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | |
|---|---|
| *လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်အဂ်ဆုမြတ်ပိုင်၊ ဒေါ်ဘဘိုးခင်၊ ဒေါ်ခွန်ခွန်ထွေး၊ ဒေါ်ဆုမြတ်မွန် | |
| နေ့စွဲ ၂၀.၆.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရှမ်း (တောင်) မြို့နယ် ဆီဆိုင်မြို့နယ် | ကျေးရွာအုပ်စု ပါလောပါကယ် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ပင်ရုံ (မ) | အဝီစိ + ရေလှောင်ကန် | တွင်းနက် ၁တွင်း + ဂါလံ ၅၀၀၀ (၁၅'x၁၀'x ၅'-၉") | ကျား - ၄၁၆<br>မ - ၃၉၆ | ☑ကျား<br>☐မ<br>☐ကျား+ မ | ၆၀ သိန်း | | | | ၆၀ သိန်း |
| နောင်လုံ (တ) | ရေသွယ်ပိုက် + ရေတင်ပန့် + ရေလှောင်ကန် | ၁"φ PVC 1500'+ ဂါလံ ၃၀၀၀ ရေတင်ပန့် | ကျား - ၉၈<br>မ - ၉၃ | ☐ကျား<br>☐မ<br>☑ကျား+ မ | ၄၈ သိန်း | | | | ၄၈ သိန်း |
| ထိတ်ခေါ် (ရှေ) | မူကြိုကျောင်း တိုးချဲ့ | ၂၇'x၂၄'x၁၀' | ကျား - ၁၀၉<br>မ - ၁၁၄ | ☐ကျား<br>☐မ<br>☑ကျား+ မ | ၇၀ သိန်း | | | | ၇၀ သိန်း |
| နောင်ဗို | အမြင့်တင်ရေသွယ် + ရေကန် + ရေစက်ရုံ + စက် | ၁"φ PVC, ၁၁၀၀' ဂါလံ (၄၀၀၀)+ ၁၂'x၁၀'x၅'-၆" | ကျား - ၆၅<br>မ - ၆၄ | ☐ကျား<br>☐မ<br>☑ကျား+ မ | ၆၀ သိန်း | | | | ၆၀ သိန်း |
| ဟိုဟွေး | ရေလှောင်ကန် + မြင့်တင်ရေသွယ်ပိုက် ရေစက်ရုံ + စက် | (၈၀၀၀ ဂါလံ) (၁၈'x၁၂'x၆') ၁"φ PVC, ၂၇၀၀' (၅'x၅'x၆') | ကျား - ၂၀၂<br>မ - ၁၉၇ | ☐ကျား<br>☐မ<br>☑ကျား+ မ | ၁၀၀ သိန်း | | | | ၁၀၀ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ခွန်မောင်မြင့်၊ နန်းမြမြအေး လက်မှတ် (signature) အေး ရက်စွဲ 20.6.2017

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကျောင်းချယ်(န) | စာသင်ကျောင်း ရေလောင်းအိမ်သာ (၄ခန်းတွဲ၁လုံး) | ၄'x၅'x၇' (၄ခန်းတွဲ) အတွင်းအွင် | ကျား – ၈၁ မ – ၁၀၄ | ☑ကျား ☐မ ☐ကျား+မ | ၅၂ သိန်း | | | [illegible] | ၅၂ သိန်း |
| နောင်လတ်(န) | ရေပိုက်သွယ်+ ရေလှောင်ကန်+ ရေစက်ရုံ+စက် | ၁½"ø PVC, ၁၀မိုင် ဂါလံ(၃၀၀၀) ၈'x၁၂'x၅' (၁၀'x၁၀'x၈') | ကျား – ၁၂၉ မ – ၁၃၀ | ☐ကျား ☐မ ☑ကျား+မ | ၆၀ သိန်း | | | | ၆၀ သိန်း |
| ဘန်းကန် | ရွာလယ် ခန်းမဆောင် (အကလတ်ဆောက်) | ၅၀'x၃၀'x၁၂' | ကျား – ၄၀၂ မ – ၄၇၉ | ☐ကျား ☐မ ☑ကျား+မ | ၉၂ သိန်း | | | | ၉၂ သိန်း |
| နောင်လုံ(မ) | စာသင်ကျောင်း ဖျက်နှာကျက်+ အေးသုတ် | ၉၀'x၃၀'x၁၂' | ကျား – ၂၂၀ မ – ၂၀၈ | ☐ကျား ☐မ ☑ကျား+မ | ၅၀ သိန်း | | | | ၅၀ သိန်း |
| ပုံးလောင်း | ရေလှောင်ကန်+ စက်+ရေစက်ရုံ ရေပိုက်သွယ် | ဂါလံ(၆၀၀၀) (၁၄'x၁၂'x၆') ၂"ø PVC, ၄၅၀၀' (၈'x၈'x၈') | ကျား – ၁၇၁ မ – ၁၆၉ | ☐ကျား ☐မ ☑ကျား+မ | ၈၅ သိန်း | | | | ၈၅ သိန်း |
| နောင်ဆံဗတ် | ရေလှောင်ကန်+ စက်+ရေစက်ရုံ+ ရေပိုက်သွယ် | ဂါလံ(၇၃၀၀) (၁၅'x၁၃'x၆') (၈'x၈'x၈') ၂"ø PVC, ၄၅၀၀' | ကျား – ၁၅၀ မ – ၁၅၂ | ☑ကျား ☐မ ☐ကျား+မ | ၉၇ သိန်း | | | | ၉၇ သိန်း |
| ဒိုရဲ(၁)ဒိုရိုင်း | ရေထွက်ဦးမှ ရေပိုက်သွယ် စနစ် | ၂"ø PVC, ၃၀၀၀' ၂"GI, ၂၀၀၀' Gravity flow | ကျား – ၁၄၆ မ – ၁၆၂ | ☐ကျား ☐မ ☑ကျား+မ | ၆၀ သိန်း | | | | ၆၀ သိန်း |

ရာထူး/ကျေးရွာအုပ်စု/ထောက်ကော်မတီဥက္ကဋ္ဌအမည် လက်မှတ် ရက်စွဲ

ဦးမောင်မြိုင် Nyein

နိုင်ဖြူဖြူအေး အေး

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| လုံးတိုင် | (ကွန်ကရစ်) တံတား (၂၁စီး) မြဲမြံ | ၂၀'x၅'x၃'၆" | ကျား-၇၆ မ-၈၁ | □ကျား □မ ☑ကျား+မ | ၄၆ သိန်း | | | | | ၄၆ သိန်း |
| ကျိုးလော | (အုတ်) ရေလှောင်ကန် | ဂါလံ(၁၀၀၀၀) ၁၉'-၂"x၁၉'-၂"x၅' | ကျား-၂၄၃ မ-၂၆၀ | □ကျား □မ ☑ကျား+မ | ၈၀ သိန်း | | | | | ၈၀ သိန်း |
| ကံကော် | မူကြိုကျောင်း မြဲမြံ | ၃၀'x၂၆'x၁၂' | ကျား-၂၄၅ မ-၂၆၅ | □ကျား □မ ☑ကျား+မ | ၉၄ သိန်း | | | | | ၉၄ သိန်း |
| စံကား | ရေထွက်ဦးမြဲမြံ (ကျောက်စီခြင်း) | ၃၀၀x၁၀.၅'x၄' | ကျား-၂၆၀ မ-၂၃၉ | □ကျား ☑မ □ကျား+မ | ၁၁၀ သိန်း | | | | | ၁၁၀ သိန်း |
| ဟိုနောင် | ခန်းမဆောင် မြဲမြံ | ၅၀'x၂၁'x၁၂' | ကျား-၁၅၆ မ-၁၅၃ | □ကျား □မ ☑ကျား+မ | ၁၀၀ သိန်း | | | | | ၁၀၀ သိန်း |
| နမ့်ဟူး | မူကြိုကျောင်း မြဲမြံ | ၂၄'x၂၂'x၁၂' | ကျား-၃၁၁ မ-၃၉၇ | □ကျား □မ ☑ကျား+မ | ၆၅ သိန်း | | | | | ၆၅ သိန်း |
| လွယ်ဆံဆစ် (ရ+၃+မ) | ဆရာ/မ နားနေဆောင် | ၆၀'x၂၆'x၁၂' | ကျား-၁၇၈ မ-၁၈၆ | ☑ကျား □မ □ကျား+မ | ၁၅၇ သိန်း | | | | | ၁၅၇ သိန်း |

ရာထူးကျေးရွာအုပ်စုစီ/ထောက်ကော်မတီဥက္ကဋ္ဌအမည် လက်မှတ် ရက်စွဲ

ဦးမောင်မြင့် Myein

နန်းမြမြအေး အေး

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လိုက်ပေး (မ) | (အုတ်) ရေလှောင်ကန် | ဂါလံ (၅၀၀၀) ၁၅'x၁၀'x၆' | ကျား - ၇၆ မ - ၆၄ | ☐ကျား ☐မ ☑ကျား+ မ | ၅၀ သိန်း | | | | ၅၀ သိန်း |
| ဥသျှောင်ပင်သာ | အဝီစိ (ရှူးတိုင်) ရေတိုင်ကီ (၂)လုံး ရေစင် (၁၂') | ၂"ϕ PVC (၂၀၀') (8'x4'x4') | ကျား - ၂၂၅ မ - ၂၅၉ | ☐ကျား ☐မ ☑ကျား+ မ | ၇၆.၈ သိန်း | | | | ၇၆.၈ သိန်း |
| ရှိကင်း | ရေပိုက်သွယ်တန်း + အဝီစိ (တွင်းတိမ်) ရေတိုင်ကီ + ရေစင် (၁၂') | ¾"ϕ PVC, 2111' ၂"ϕ PVC (၂၀၀') (8'x4'x4') | ကျား - ၁၇၉ မ - ၂၁၅ | ☐ကျား ☐မ ☑ကျား+ မ | ၇၆.၈ သိန်း | | | | ၇၆.၈ သိန်း |
| အောင်ဇေယျ | အဝီစိ (တွင်းနက်) ရေလှောင်ကန် | ၂"ϕ PVC + ဂါလံ (၅၀၀၀) ၁၅'x၁၂'x၆' | ကျား - ၆၁၅ မ - ၆၃၄ | ☐ကျား ☐မ ☑ကျား+ မ | ၇၆.၈ သိန်း | | | | ၇၆.၈ သိန်း |
| ကန့်တန် | အဝီစိ (တွင်းနက်) (၂)တွင်း + ရေလှောင်ကန် | ၂"ϕ PVC + ဂါလံ (၅၀၀၀) (၁၅'x၁၀'x၅.၅') | ကျား - ၉၆၂ မ - ၁၀၅၉ | ☐ကျား ☐မ ☑ကျား+ မ | ၇၆.၈ သိန်း | | | | ၇၆.၈ သိန်း |
| သစ်ရို | အဝီစိ (တွင်းတိမ်) ရေတိုင်ကီ ၂လုံး ရေစင် (၁၂') | ၂"ϕ PVC (၂၀၀') (8'x4'x4') | ကျား - ၁၈၆ မ - ၂၅၈ | ☐ကျား ☐မ ☑ကျား+ မ | ၇၆.၈ သိန်း | | | | ၇၆.၈ သိန်း |
| | | | | ☐ကျား ☐မ ☐ကျား+ မ | | | | | |

ရာထူး၊ကျေးရွာအုပ်စုစီ/ထောက်ကော်မတီဥက္ကဋ္ဌအမည် လက်မှတ် ရက်စွဲ

[illegible]

နှိမ်းမောင်မြင့်

နှိမ်း - မြို့မြို့အေး ၆၁၂

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

### ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာအမည် | ပါလောပါကယ် အုပ်စု |
| ကျေးရွာအုပ်စုအမည် | မိုက်တီး (တောင်) |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | ၄.၆. ၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား(၁၇၉ )ဦး၊မ( ၁၆၀) ပေါင်း(၃၃၉ )ဦး |
| အစည်းအဝေးကျင်းပသည့် နေရာ | ကျေးရွာဘုန်းတော်ကြီးကျောင်း |
| အချိန် | နံနက်(၈)နာရီ |

**ဆွေးနွေးသည့် အကြောင်းအရာ**

ပထမဦးစွာ အစည်းအဝေးကို ကျေးရွာခေါင်းဆောင်မှ အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် စီမံကိန်းမှ တာဝန်ရှိသည့် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းမိတ်ဆက် (၁၅)ချက် နှင့် စီမံကိန်းစက်ဝန်း အကြောင်းကိုဆွေးနွေး တင်ပြပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်း များကိုမဲစနစ်ဖြင့် ရွေးချယ်၍တင်မြှောက်ခဲ့ပါသည်။ VDPစာအုပ်အတွက် အဓိကအရေး ကြီးသော PRA/PSA Tools များကိုကျေးရွာလူထုများအား အုပ်စုခွဲ၍ ဆွေးနွေးခဲ့ပါသည်။ ပင့်ကူအိမ်သုံးသပ်ချက်ကို ကျား/မခွဲ၍ ဆွေးနွေးခဲ့ပါသည်။ PRA/PSA များမှ ရရှိလာသော လိုအပ်ချက်များကို ဘယ်လိုကောင်းအောင် လုပ်ဆောင်နိုင်သည်ကို ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ ဒုတိယနေ့ အတွက် အစီအစဉ်များကို အနည်းငယ် ဆွေးနွေး၍ ပထမနေ့ အစည်အဝေးကို ရုပ်သိမ်းလိုက်ပါသည်။

**ဆုံးဖြတ်ချက်များ**

ပထမနေ့ အစည်းအဝေးမှ ကျေးရွာလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကူညီလုပ်ကိုင်ပေးမည့် ကျေးရွာစေတနာ့ဝန်းထမ်းများကို မဲစနစ်ဖြင့် ဆုံးဖြတ်ရွေးချယ်နိုင်ခဲ့ပါသည်။ PRA/PSA Tools များကိုလည်း ရွာသူ/သားများ အုပ်စုခွဲ လုပ်ဆောင်နိုင်ခဲ့ပြီး ကျား/မရေးရာတန်းတူညီမျှရေး နှင့် ကဏ္ဍတိုင်းတွင် အမျိုးသမီးများကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ပိုမိုသိလာစေပါသည်။

မှတ်တမ်းတင်သူ

အမည် ကျော်ငြိမ်းလွင်

ရာထူး လူထုစည်းရုံးရေးမှူး

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာအမည် | မိုက်တီး(တောင်) |
| ကျေးရွာအုပ်စုအမည် | ပါလောပါကယ် |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | ၆.၆. ၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား(၁၉၉ )ဦး၊မ( ၆၃) ပေါင်း(၂၆၂ )ဦး |
| အစည်းအဝေးကျင်းပသည့် နေရာ | ကျေးရွာဘုန်းတော်ကြီးကျောင်း |
| အချိန် | နံနက်(၉)နာရီ |

**ဆွေးနွေးသည့်အကြောင်းအရာ**

ပထမနေ့မှ တင်ပြဆွေးနွေးထားသော PRA/PSA tools များကိုပြန်လည်တင်ပြ ဆွေးနွေးပါသည်။ ပြီးနောက်ကျေးရွာ ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြနိုင်ရန် ကျေးရွာ၏ အခက်ခဲပြဿနာများ၊ မျော်မှန်းချက်များနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသား/အမျိုးသမီးများ ခွဲ၍ပြုလုပ်ဆွေးနွေး တင်ပြစေပါသည်။ လုပ်ငန်းခွဲများ ထွက်လာပြီးနောက် ကျေးရွာစီးထောက် ကော်မတီများကို အများသဘောဖြစ်စေရန် မဲစနစ်ဖြင် ရွေးချယ်ရန်ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းခွဲထွက်လာပြီးနောက် အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများကို ဆွေးနွေးတင်ပြပါသည်။

**ဆုံးဖြတ်ချက်များ**

ကျေးရွာ၏ အခက်ခဲပြဿနာ၊ မျော်မှန်းချက်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ကျေးရွာ စီ/ထောက်ကော်မတီဝင် များကိုလည်း ရွာသူ/သားများက မဲစနစ်ဖြင့်ရွေးချယ် တင်မြောက်ခဲ့ပါသည်။ ထို့နောက် ကော်မတီဝင်များ၏ ဆောင်ရန်၊ရှောင်ရန် များကိုရှင်းပြပြီး လုပ်ငန်းခွဲပြုလုပ်ရာတွင် လိုအပ်မည့် အကာအကွယ် အသုံးပြုမှုနှင့် တိုင်ကြားနိုင်သော နည်းလမ်းအမျိုးမျိုးတို့ကို ရှင်းပြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

အမည် ကျော်ငြိမ်းလွင်

ရာထူး လူထုစည်းရုံးရေးမှူး

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁။ | စာကြည့်တိုက် | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | | | မ | | |
| | ၂။ | ကျေးရွာတွင်း ရွာလည်ခန်းမဆောင်သစ် | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | | | မ | | |
| | ၃။ | ကွန်ကရစ် တံတား(နောင်ဘို) | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | | | မ | | |
| | ၄။ | ကျေးရွာတွင်း သောက်သုံးရေ ရရှိရန် | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | | | မ | | |
| | ၅။ | ကျေးရွာတွင်းလမ်း | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | | | မ | | |
| | ၆။ | | | | |
| | | | | | |
| | ၇ | | | | |
| | | | | | |
| အသက်မွေးဝမ်းကြောင်း / စိုက်ပျိုးရေး | ၁ | အမျိုးသမီးများအား အိမ်တွင်းမှုပညာများ ပို့ချပေးပါရန် | က | ကျေးရွာရှိအမျိုးသမီးများ | အခြားပြင်ပ အဖွဲ့အစည်းများ |
| | | | မ | | |
| | ၂ | စိုက်ပျိုးရေး အရင်းအနှီး | က | ကျေးရွာလူထု | အခြားပြင်ပအဖွဲ့စည်းနှင့် စိုက်ပျိုးရေး ဌာန |
| | | | မ | | |
| | ၃ | | | | |
| | | | | | |
| | ၄ | | | | |
| | | | | | |
| | ၅ | | | | |
| | | | | | |
| ကျန်းမာရေး ပညာရေး | ၁ | ကျန်းမာရေးဂန်ထမ်း | | ကျေးရွာလူထု အားလုံး | ကျန်းမာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | | | မ | | |
| | ၂ | ကိုယ်ဂန်ဆောင် မိခင်များအတွက် ထောက်ပံ့မှုများ | | ကျေးရွာတွင်းရှိ အမျိုးသမီးထု | ကျန်းမာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | | | မ | | |
| | ၃ | | | | |
| | | | | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | | | |
| | ၅ | | | | |
| ပညာရေး | ၁ | ကျေးရွာတွင်း မူကြိုကျောင်း | က<br>မ | ကျေးရွာလူထု | ပညာရေး ဝန်ကြီးဌာန |
| | ၂ | ကျောင်းဆရာ/ဆရာမ ဝန်ထမ်းအိမ်ယာ | က<br>မ | ကျေးရွာလူထု | ပညာရေး ဝန်ကြီးဌာန |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | လျှပ်စစ်မီး(၂၄)နာရီ | က<br>မ | ကျေးရွာလူထု | ပြင်ပအဖွဲ့အစည်း နှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန |
| | ၂ | ကျေးရွာတွင်း အားကစားကွင်း | က | ကျေးရွာလူငယ်အဖွဲ့ | ပြင်ပအဖွဲ့အစည်း |
| | ၃ | သာရေး နာရေးကား | မ | ကျေးရွာလူထုအားလုံး | ပြင်ပအဖွဲ့အစည်း |
| | ၄ | | | | |
| | ၅ | | | | |

## VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ- VDP ရက်စွဲ-

ကျေးရွာ- ၊ ကျေးရွာအုပ်စု- မြို့နယ်- ဆီဆိုင်

(၁) VDP စာရွက်စာတမ်း ပြီးဆုံးမှုကို စစ်ဆေးပါ။ (Operation Manual အရ)

- ✓ မျက်နှာဖုံး (အဖုံး)
- ✓ မာတိကာ
- ✓ ကျေးရွာအခြေခံ အချက်အလက် (Data)
- ✓ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ✓ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း( အခြေခံအဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု…စသည်ဖြင့်-)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်း ဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှု (ဥစ္စာဓနေ) အဆင့်၊ Venn ပုံ…စသည်ဖြင့်-)
- ကျေးရွာစီမံကိန်း ရေးဆွဲရေး အစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်း နှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ ရလာဒ်အား ခွဲခြားပေးထား ပါသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်
- PRA နှင့် သက်ဆိုင်သောအခြားစီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်)